# ၈ ထောက်ပံ့ကူညီပေးခြင်း

ဂျပန်တွင် စီးပွားရေးအဆင်မပြေသောကြောင့် ကလေးများအားကျောင်းအပ်ရန် အခက်အခဲရှိသည့် မိသားစုများအတွက် ထောက်ပံ့ကူညီမှုပေးသည့်စနစ် နှင့် ပညာသင်ဆုပေးသည့်စနစ်ရှိသည်။

**(1) ကျောင်းတက်ရန် ထောက်ပံ့ကူညီပေးခြင်း**

- မူလတန်း၊အလယ်တန်းကျောင်းသားများအတွက် ကျောင်းတက်ရန်ထောက်ပံ့မှု

မူလတန်းနှင့် အလယ်တန်းကျောင်း တက်နေသော ကလေး၏ အုပ်ထိန်းသူသည် စီးပွားအဆင်မပြေ၍ ကျောင်းထားရန် အခက်အခဲရှိပါက လိုအပ်သော ငွေကြေးကို ထောက်ပံ့ပေးသည့် စနစ်ရှိသည်။ ကျောင်းသုံးပစ္စည်းအပြင် ကျောင်းတက်သွားလာစရိတ်၊ ကျောင်းပြင်ပလှုပ်ရှားမှုကုန်ကျငွေ၊ ကျောင်းခရီးစရိတ်၊ နေ့လယ်စာစရိတ် စသည့်စရိတ်ငွေအတွက် အခက်အခဲ ရှိပါက ကျောင်း (သို့) ပညာရေးကော်မတီနှင့် ဆွေးနွေးပါ။ သို့သော် ထောက်ပံ့မှုရယူရန် ဝင်ငွေပမာဏ ကန့်သတ်မှုရှိသည်။

နိုင်ငံခြားသားကျောင်းတွင်ပညာသင်ကြားနေသည့် နိုင်ငံခြားသားကလေးများအတွက် ထောက်ပံ့ငွေထုတ်ပေးသည့် မြို့နယ်လည်းရှိသည်။ အသေးစိတ်ကို နေထိုင်ရာ မြို့နယ်ရုံးတွင် မေးမြန်းပါ။

- အထက်တန်းကျောင်းသားများအတွက်ကျောင်းတက်ရန်ထောက်ပံ့မှု၊အထက်တန်းကျောင်းစသည်များတက်ရန်ထောက်ပံ့ကြေး စနစ်

အစိုးရကျောင်းဖြစ်စေ၊ ပုဂ္ဂလိကကျောင်းဖြစ်စေ ကျောင်းလခအဖြစ်အသုံးပြုရန် အထက်တန်းကျောင်းစသည်များတက်ရန် ထောက်ပံ့ကြေးကို အစိုးရထံမှ ထုတ်ပေးနိုင်သည် (ထုတ်ပေးရန် လိုအပ်သည့် သတ်မှတ်ချက်ရှိသည်)။ ထို့အပြင် ပုဂ္ဂလိက အထက်တန်းကျောင်းတက်သည့်အခါတွင် ဝင်ငွေအပေါ်မူတည်၍ ထောက်ပံငွေပမာဏကို ပေါင်းထည့်ပေးသည်။ ပြန်ဆပ်ရန် မလိုပါ။ ကျောင်းမှ လျှောက်လွှာကို ထုတ်ပေးသည်။

•အထက်တန်းကျောင်းသားစသူတို့အတွက် ပညာသင်ထောက်ပံ့ကြေး

ဝင်ငွေနည်းသည့်မိသားစုများအတွက် ကျောင်းလခမဟုတ်သည့် ပညာသင်စရိတ် (ပြဋ္ဌာန်းစာအုပ်ခ၊ သင်ထောက်ကူပစ္စည်းဖိုး၊ ကျောင်းအသုံးအဆောင်ခ စသည်) ကို ထောက်ပံ့ပေးရန် စနစ်ဖြစ်သည်။ ပြန်ဆပ်ရန်မလိုပါ။ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ထံ လျှောက်ထားကာ အဆင့်ဆင့်လုပ်ဆောင်ရမည်။ ဒေသ အလိုက် စနစ်၏အသေးစိတ် အချက်များမတူသည့်အတွက် နေထိုင်ရာ ခရိုင်အုပ်ချုပ်ရေး အဖွဲ့ထံ မေးမြန်းပါ။